ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်စိုးစိုးဆင့်

လက်ထောက်နည်းပညာမှူးအမည် - ဦးဝင်းထွဋ်


ကုလားတို့ကျေးရွာအုပ်စု၊ ခလော့ခနိုင်းကျေးရွာ

2017 ခုနှစ်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချောင်းဆုံမြို့နယ်ပြမြေပုံ | 3 |
| ၂။ | ကွင်းကလိန်ကျေးရွာတည်နေရာပြမြေပုံ | 4 |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | 5 |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ | 5 |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | 6 |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | 8 |
| ၆.၁ | အရင်းအမြစ်ပြမြေပုံ | 8 |
| ၆.၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ် | 9 |
| ၆.၃ | ဓနအင်အားအဆင့်သတ်မှတ်ခြင်း | 11 |
| ၆.၄ | ပင့်ကူအိမ်သုံးသပ်ခြင်း | 12 |
| ၆.၅ | ရာသီခွင်ပြဇယား | 13 |
| ၆.၆ | ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု | 14 |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | 15 |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | 16 |
| ၉။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | 17 |
| ၁၀။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | 20 |
| ၁၁။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | 21 |
| ၁၂။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | 22 |
| ၁၃။ | အစည်းအဝေးမှတ်တမ်းများ | 23 |
| ၁၄။ | ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ | 24 |
| ၁၅။ | ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | 24 |
| ၁၆။ | ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ | 25 |

## ၁။ ချောင်းဆုံမြို့နယ်မြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Taw Ka Nar
Ka Lwi
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Mu Yit Gyi
Chaungzon
Kha Yaik Thit
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ မုရစ်ကြီးကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကုလားတို့ကျေးရွာအုပ်စု | ကုလားတို့ကျေးရွာ |
| | ခလော့ခနိုင်းကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ခလော့ခနိုင်းကျေးရွာ

ကျေးရွာအုပ်စုအမည် - ကုလားတို့ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၅၁၉၊ မ - ၅၃၅၊ စုစုပေါင်း - ၁၀၅၄ ဦး

အိမ်ထောင်စု - ၂၀၁ စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး - မူလတန်း (၁)၊ မူကြို (၁)

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း၊ စေတီ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ ရာသီပေါ်ဟင်းသီးဟင်းရွက်

အဓိက ပိုင်ဆိုင်မှု - လယ်၊ ဥယျာဉ်


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 14.1.2017 | ကျေးရွာလူထု | 38 | 90 | 128 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 14.1.2017 | ကျေးရွာလူထု | 38 | 90 | 128 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 14.1.2017 | ကျေးရွာလူထု | 38 | 90 | 128 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 16.1.207 | ကျေးရွာလူထု | 38 | 90 | 128 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကိုလုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကိုသိရှိနားလည်စေရန်နှင့် ၄င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 16.1.207 | ကျေးရွာလူထု | 38 | 90 | 128 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်း (Village Development Visioning) | 16.1.207 | ကျေးရွာလူထု | 38 | 90 | 128 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 16.1.207 | ကျေးရွာလူထု | 38 | 90 | 128 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင်ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**ခလော့ခနိုင်းကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**


ခလော့ခနိုင်းကျေးရွာ၏ပင်မလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ကျန်ရှိသောရွာအတွင်းရှိ လမ်းသွယ်များမှာမြေသားလမ်းများဖြစ်ကြသည်။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းရံပုံငွေဖြင့် လမ်းသွယ်တစ်ခုအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုအကောင်အထည်ဖော်ခဲ့သည်။

ကျေးရွာ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဟင်းသီးဟင်းရွက်၊ စပါး၊ ပန်း၊ ရော်ဘာပင်များကို စိုက်ပျိုးကြသည်။ အချို့မှာကျဘမ်းလုပ်ကိုင်ကြသူများလည်းရှိပြီး နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်ကြသူများလည်းရှိသည်။

ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း၊ မူကြိုကျောင်းရှိသည်။ အလယ်တန်း၊ အထက်တန်း ပညာရေးကို ရွာနှင့် (၁.၅) မိုင်ခန့်ဝေးသော ချောင်းဆုံမြို့ပေါ်တွင် သွားရောက်သင်ယူကြသည်။ ကျေးရွာအတွင်းတွင် မူလတန်းပြ၊ အလယ်တန်းပြဆရာမများ ရှိသည်။

ကျန်းမာရေးနှင့်ပတ်သက်ပြီး ချောင်းဆုံမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးကိုသာအားကိုးအားထားပြုကြသည်။ ကျေးရွာတွင် စာဖတ်ခန်းရှိပြီး ကျေးရွာအတွင်းရှိ ကလေးများ စာပေလေ့လာနိုင်သည်။ ခလော့ခနိုင်းကျေးရွာသည် တစ်ဖက်တွင်တောတန်းရှိပြီးတစ်ဖက်တွင်လယ်ကွင်းများနှင့် ချောင်းများ ဝန်းရံနေသည့် ရွာဖြစ်သည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဇယားချပ်




**ခလော့ခနိုင်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ကုလားတို့ကျေးရွာအုပ်စု၊ ခလော့ခနိုင်းကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့

၂။ မြစိမ်းရောင်စီမံကိန်းကော်မတီအဖွဲ့

၃။ လူထုဗဟိုပြုစီမံကိန်းထောက်ကူပြုကော်မတီအဖွဲ့

၄။ နာရေးကူညီမှုအသင်း

၅။ မီးလင်းရေးကော်မတီ

၆။ အမျိုးသမီးရေးရာအဖွဲ့

၇။ အရံမီးသတ်

၈။ ကြက်ခြေနီ


၉။ ကျောင်းအကျိုးတော်ဆောင်

၁၀။ ကျေးလက် လူငယ်အဖွဲ့တို့ဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့် အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ဆောင်နေကြသော်လည်း လုပ်ဆောင်နိုင်စွမ်းနှင့် အခွင့်အရေးမှာ မတူညီကြပေ။ အုပ်ချုပ်ရေးအဖွဲ့သည် ဩဇာအာဏာနှင့် လုပ်ပိုင်ခွင့်အပြည့်ရှိသော အဖွဲ့ဖြစ်သည်။ မြစိမ်းရောင်နှင့် လူထုဗဟိုပြုကော်မတီအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သည်။ နာရေးကူညီမှုအသင်း၊ ကျေးရွာမီးလင်းရေးအဖွဲ့များသည်လည်း ကျေးရွာ၏လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။ အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာအတွင်း ပရဟိတလုပ်ငန်းများတွင် ပါဝင်ကူညီကြသည်။ အရံမီးသတ်အဖွဲ့သည် အတူတူပင်ဖြစ်သည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးလက်လူငယ်များအဖွဲ့သည် ပညာရေးနှင့်ပတ်သက်သော ကျောင်းပြင်ဆင်ခြင်း၊ ကလေးငယ်များအတွက် လိုအပ်သောပညာရေးလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးကြသည်ကိုတွေ့ရသည်။

၄င်းအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရသည်။ ၄င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်၊ ဝတ္တရားများသတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နှောင့်နှေးနေမှုများရှိနေသည်ကို သိရှိရပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ကျေးရွာ - ခလော့ခနိုင်း ကျေးရွာအုပ်စု - ကုလားတိုး

ဥစ္စာဓနကြွယ်ဝမှုဇယား

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | စီးပွားရေး၊ ဆန်စက်၊ လယ်(၁၀)ဧကအထက်၊ ဥယျာဉ်ခြံ (၃)ဧကနှင့်အထက်ပိုင်၊ ကား၊ ထွန်စက်၊ ဟာလာစက် | 20 | 10% |
| အသင့်အတင့် | ဝန်ထမ်း၊ ခြံမြိုက် (၁)ဧက၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ နွား (၅)ကောင် | 30 | 15% |
| ပစ္စည်းလည်သောအုပ်စု | ခြံမြိုက် (၀.၂၅)ဧက၊ နွား (၂)ကောင်၊ ဈေးရောင်း | 83 | 42% |
| နွမ်းပါးသောအုပ်စု | နေ့စား၊ ဝါးအိမ်၊ မြေယာပိုင်ဆိုင်မှုမရှိ | 63 | 33% |

**ခလော့ခနိုင်းကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

ကုလားတိုးကျေးရွာအုပ်စု၊ ခလော့ခနိုင်းကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၂၁၁) စုရှိပြီး ဓနအင်အားအဆင့် သတ်မှတ်ချက်အနေဖြင့် အဆင့် (၄) ဆင့်ခွဲခြားသတ်မှတ်ထားကြပါသည်။

(က) အဆင့်တွင် မြေယာပိုင်ဆိုင်မှု (၁၀) ဧကနှင့်အထက်၊ ရော်ဘာခြံ (၃) ဧကနှင့်အထက်၊ အိမ်အနေအထားအရ အုတ်ညှပ်သစ်အိမ်မျိုးပိုင်ဆိုင်ကြကာ၊ ကား၊ လယ်ထွန်စက်၊ ဟာလာစက်၊ ဆိုင်ကယ်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပိုင်ဆိုင်ကြသူများကိုသတ်မှတ်ထားသည်။ ၎င်းမိသားစုဝင်များသည် ကလေးများအားလည်း ပညာရေးကိုဆုံးခန်းတိုင်အောင် သင်ကြားပေးနိုင်သည့်မိသားစုများဖြစ်သည်။ ၎င်းအဆင့်တွင် အိမ်ထောင်စု (၁၀%) ခန့်ရှိသည်။


(ခ) အဆင့်တွင် မြေယာပိုင်ဆိုင်မှုမှာ (၁၀) ကေအောက်၊ ရော်ဘာခြံ (၃) ကေအောက်ပိုင်ဆိုင်ပြီး အိမ်အနေအထားမှာ ပျဉ်ထောင်၊ သွပ်မိုးအများဆုံးဖြစ်သည်။ ဆိုင်ကယ်နှင့် အခြားပစ္စည်းများပိုင်ဆိုင်ကြပြီး ပညာရေးထောက်ပံ့ပေးနိုင်သည့်အိမ်ထောင်စုများဖြစ်ကြသည်။ အချို့အိမ်ထောင်စုများမှာ ဈေးဆိုင်များ၊ စိုက်ခင်းများကိုလည်းပိုင်ဆိုင်ကြသည်။ ၎င်းအဆင့်တွင် အိမ်ထောင်စု (၁၅%) ခန့်ရှိသည်။

(ဂ) အဆင့်တွင် မြေယာကိုဆိုင်မှုအနည်းငယ်ရှိပြီး သစ်ခင်း၊ ဝါးထရံကာအိမ်မျိုးပိုင်ဆိုင်ကြသည်။ စိုက်ပျိုးရေးနှင့် ဈေးရောင်းခြင်း၊ ကျဘမ်းလုပ်ငန်းများကို လုပ်ကိုင်ကာ အသက်မွေးကြသည့် အိမ်ထောင်စုများဖြစ်သည်။ ဆိုင်ကယ်၊ စက်ဘီး အစရှိသည်တို့ကို ပိုင်ဆိုင်ကြသည်။ ၄င်းအဆင့်တွင် အိမ်ထောင်စု (၄၂%) ခန့်ရှိသည်။

(ဃ) အဆင့်တွင်မူ လက်လုပ်လက်စားများဖြစ်ကြပြီး ဝါးအိမ်ဖြင့်အများစုနေထိုင်ကြသည်။ အိမ်ထောင်စုအရမူ (၃၃%) ခန့်ရှိကြောင်းသိရသည်။

ခြုံငုံသုံးသပ်ချက်အရ နွမ်းပါးသူများမှာ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း၊ ပညာတတ်မြောက်မှုနည်းပါးခြင်း၊ အသက်မွေးဝမ်းကြောင်းမှု အတတ်ပညာများတတ်မြောက်မှု နည်းပါးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု နှောင့်နှေးနေသေးခြင်း တို့ကြောင့်ဖြစ်ကြောင်း သိရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**ခလော့ခနိုင်းကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**


ခလော့ခနိုင်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို လေ့လာရာတွင် အမျိုးသားများမှ ကဏ္ဍအများစု တွင်ဦးဆောင်နေသည်ကိုတွေ့ရပါသည်။

အိမ်မှုကိစ္စရပ်နှင့် ပညာရေးကဏ္ဍတွင် အမျိုးသမီးများမှသာ သာလွန်ပြီးကျန်ကဏ္ဍအများစုမှာ အမျိုးသားများမှသာလွန်သည်ကိုတွေ့ရသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆုံးဖြတ်ချက်ချမှု၊ ဦးဆောင်မှု၊ လုံခြုံမှု၊ အရင်းအမြစ်များသုံးစွဲမှု၊ အလုပ်အကိုင်စသော ကဏ္ဍများတွင် အမျိုးသားများကသာ ဦးဆောင်ထားသည်ကိုတွေ့ရသည်။ လူထုဗဟိုပြုစီမံကိန်းဝင်ရောက်ပြီးနောက်ပိုင်းတွင် အနည်းငယ် ပြောင်းလဲမှုရှိလာသည်ကိုတွေ့ရသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကျေးရွာလူထုကလက်ခံထားသော ဓလေ့တစ်ခုဖြစ်ပြီး ကျား၊ မကဏ္ဍတွင် အမျိုးသမီးများသည် အိမ်ထောင်၏ တာဝန်ဝတ္တရားများကိုသာ အဓိကလုပ်ဆောင်နေရသောကြောင့် ဖြစ်ကြောင်းသိရသည်။ အိမ်မှုကိစ္စရပ်များဖြင့်သာ အချိန်ကုန်နေရသောကြောင့် ကျန်သောအခန်း ကဏ္ဍများတွင် အမျိုးသမီးများဦးဆောင်နိုင်မှု၊ ပါဝင်နိုင်မှုမှာ မှေးမှိန်နေရသည်ဟုသိရသည်။

အလုပ်အကိုင်အခွင့်အလမ်း၊ ခေါင်းဆောင်မှု၊ ဝင်ငွေရရှိမှု၊ ရပ်ရွာတွင်ဆုံးဖြတ်ပိုင်ခွင့်၊ လုံခြုံမှု စသည့်အပိုင်းများတွင် အမျိုးသားများ ပိုမိုသာလွန်နေသည်။ ၎င်းပင့်ကူအိမ်ကိုသုံးသပ်ခြင်းအားဖြင့် အမျိုးသမီးများ၏အခန်းကဏ္ဍအား ပိုမိုလှုံ့ဆော်ပေးရန်လိုအပ်နေသေးကြောင်း လေ့လာသိရှိရသည်။

## ၆.၅ ရာသီခွင်ပြဇယား



## ခလော့ခနိုင်းကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်


ရာသီဥတုအနေမှာကောင်းမွန်ပြီး ဝါဆို၊ ဝါခေါင်လတွင် တောင်ကျရေကြောင့် ရေလွှမ်းခြင်း တစ်ခါတစ်ရံဖြစ်တတ်သည်။ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် လယ်ယာလုပ်ငန်းစတင်၍ ထွန်ယက်စိုက်ပျိုးကြပြီး သီတင်းကျွန်၊ တန်ဆောင်မုန်း၊ နတ်တော်နှင့် ပြာသိုလများတွင် ရိတ်သိမ်းခြွေလှေ့ကြသည်။ ရာသီပေါ်ဟင်းသီးဟင်းရွက်နှင့် ပန်းစိုက်ပျိုးရေးကိုတစ်နှစ်ပတ်လုံး စိုက်ပျိုးကြသည်။ ပြာသိုလသည် ပွဲတော်ကာဖြစ်သည်။

ဝါဆို၊ ဝါခေါင်လများတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်ပြီး တပို့တွဲလတွင် နာစေး၊ ချောင်းဆိုးဖြစ်ပွားတတ်သည်။ ဖုန်း၊ သွန်၊ လုံ၊ စစ်နှင့် ကျန်းမာရေးပညာပေးခြင်းများကို မြို့နယ်ကျန်းမာရေးဝန်ထမ်းမှ လာရောက်လုပ်ဆောင်ပေးမှုများရှိသည်။

လူတစ်ဦးပျမ်းမျှဝင်ငွေအနေဖြင့် (1000000) ကျပ်ခန့်ရှိကြောင်းသိရသည်။

စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်သောကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးရေးနည်းပညာများ၊ ဓါတ်မြေသြဇာပေါင်းစပ်ခြင်းနည်းပညာများ၊ ရော်ဘာနှင့်ပတ်သက်သော နည်းပညာများလိုအပ်ကြောင်းသိရသည်။

### ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



ပိုင်ဆိုင်မှုပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ဘောလုံးကွင်း | - အိမ် | လယ်<br>မြေ<br>ဘုန်းကြီးကျောင်း<br>စာသင်ကျောင်း<br>စာကြည့်တိုက်<br>ဓမ္မာရုံ<br>လမ်း |

ထိန်းချုပ်မှုပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ဘုန်းကြီးကျောင်း<br>ဓမ္မာရုံ<br>ဘောလုံးကွင်း | - အိမ် | လယ်<br>မြေ<br>စာသင်ကျောင်း<br>စာကြည့်တိုက်<br>လမ်း |

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကုလားတို့ကျေးရွာအုပ်စု၊ ခလော့ခနိုင်းကျေးရွာ)

**ခလော့ခနိုင်းကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ခလော့ခနိုင်းကျေးရွာတွင် ကျေးရွာအတွင်းရှိ အရင်းအမြစ်အများစုအား အမျိုးသားနှင့် အမျိုးသမီးတန်းတူပိုင်ဆိုင်ကြပြီး ထိန်းချုပ်မှုတွင် အမျိုးသားများက ဦးဆောင်နေကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုသည် ရပ်ရေးရွာရေးတွင် ဦးဆောင်နေကြသောကြောင့်ဖြစ်သည်။ အရင်းအမြစ်များအား ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများတတွင် အမျိုးသားများက အဓိကတာဝန်ယူပြီး သုံးစွဲမှုတွင် အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရှိသည်။

ပိုင်ဆိုင်အပိုင်းတွင် အမျိုးသား၊ အမျိုးသမီးတန်းတူပိုင်ဆိုင်ကြပြီး (လယ်၊ ခြံ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဓမ္မာရုံ၊ လမ်း၊ ဘော်လုံးကွင်း) အစရှိသည်တို့ကို အမျိုးသားများမှ ပိုင်ဆိုင်ကြပြီး ထိန်းချုပ်ထားကြသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဌ | ဦးမျိုးဝင်း | |
| | | | ဒေါ်မျိုးမြတ်မြတ်ဆွေ | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးကျော်ဇင်လတ် | |
| | | အဖွဲ့ဝင် | ဦးတင်ရွှေ | |
| | | အဖွဲ့ဝင် | ဒေါ်ရီရီဝင်း | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမိုးဝင်းထွန်း | |
| | | အဖွဲ့ဝင် | ဦးထွန်းဝေ | |
| | | အဖွဲ့ဝင် | ဒေါ်တင်မြင့် | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမြသန်း | |
| | | အဖွဲ့ဝင် | ဦးသောင်းရွှေ | |
| | | အဖွဲ့ဝင် | ဒေါ်မြသွင် | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | ကိုယ်စားလှယ် | ဦးငွေဝင်း | |
| | | ကိုယ်စားလှယ် | ဒေါ်ကျင်ရွှေ | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်တင်ဝင်း | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးဆနန်းကိုနိုင် | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်ငြိမ်းခင် | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဇော်နိုင်ဖေ | ၀၉.253468616 | ဒေါ်ခိုင်စိုးခင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | ကုလားတို့ | ခလော့ခနိုင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) -----မွန်--- | ၂၀၁ | ဘာသာ (၁) ---ဗုဒ္ဓ---- | ၂၀၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၁ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၁၉ | ၅၃၅ |
| လူမျိုးစု (၁)------မွန် | ၅၁၇ | ၅၃၂ |
| လူမျိုးစု (၂)---ကရင် | ၂ | ၃ |
| လူမျိုးစု (၃)---- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၇၀ | ၃၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | ☐ | စေတီ | ☑ |
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဘုန်းကြီးကျောင်း | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ဗလီ | ☐ |
| အခြား | ☐ | အခြား | ☐ | အခြား | ☐ |
| | | | | မှတ်ချက် | |
| မှတ်ချက် | | မှတ်ချက် | | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်စင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လုထုစုပေါင်းပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ (ရှိပါသည်) မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2014 မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်) မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ______

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား

(၁) ______

(၂) ______

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားမှု ရှိပါသလား

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ______

လက်မှတ် ______ နေ့စွဲ 25-1-17

လူထုစည်းရုံးရေးမှူး အမည် ______

လက်မှတ် ______ နေ့စွဲ 25-1-17

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက် - သက်ဆိုင်ရာလူထုရည်ရွယ်ရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| ရည်ရွယ်ရေးမှူး/ပုံထမ်း အမည် | [illegible] | | |
| ရက်စွဲ | 17. 1 .17. | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း: မွန် | မြို့နယ်: ချောင်းဆုံ | ကျေးရွာအုပ်စု: ကုလားတို့ | ကျေးရွာ: ခလော့ခနိုင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | ရက်စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်ရက် | ပြီးဆုံးသည့်ရက် | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.1.17. | 19.1.17. | 38 | 90 | 128 | 1 128 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.1.17 | 16.1.17. | 38 | 90 | 128 | 128 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 17.1.17 | 17.1.17. | 9 | 7 | 16 | 16 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 30.1.17 | 21.2.17. | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 3.3.17. | 3.3.17. | 35 | 70 | 128 | 128 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးသဘောတူ ရေးဆွဲခြင်း | 4.3.17 | 4.3.17. | 35 | 70 | 128 | 128 |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခိုင်ခိုင်သင် | | | |
| နေ့စွဲ 16.1.17. | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ကုလားတို့ | ကျေးရွာ ခလော့ခနိုင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းမကောင်းသဖြင့် ထွက်ကုန်များ တင်ပို့ရန် ခက်ခဲခြင်း (ဦးဇော်ဝင်း) လမ်း | ၁ | လမ်းမကောင်းသဖြင့် ထွက်ကုန်များ တင်ပို့ရန် ခက်ခဲခြင်း (ဦးဇော်ဝင်း) လမ်း |
| ၂ | လမ်းမကောင်းသဖြင့် သွားလာရေး ခက်ခဲခြင်း (ဒေါ်ဘောဂါ လမ်း) | ၂ | လမ်းမကောင်းသဖြင့် သွားလာရေး ခက်ခဲခြင်း (ဒေါ်ဘောဂါ လမ်း) |
| ၃ | ဆေးပေးခန်း မရှိသဖြင့် ကျန်းမာရေး အတွက် ခက်ခဲခြင်း | ၃ | ဆေးပေးခန်း မရှိသဖြင့် ကျန်းမာရေး အတွက် ခက်ခဲခြင်း |
| ၄ | စိုက်ပျိုးရေး နည်းပညာ ခေတ်မီ စက်ကိရိယာ မရှိ၍ ဝင်ငွေ တည်ငြိမ်သော အလုပ်အကိုင် မရှိခြင်း | ၄ | စိုက်ပျိုးရေး နည်းပညာ ခေတ်မီ စက်ကိရိယာ မရှိ၍ ဝင်ငွေ တည်ငြိမ်သော အလုပ်အကိုင် မရှိခြင်း |
| ၅ | ကလေးကစားကွင်း မရှိ၍ ... ကလေးများ ဆော့ကစားရန် ခက်ခဲခြင်း | ၅ | ကလေးကစားကွင်း မရှိ၍ ... ကလေးများ ဆော့ကစားရန် ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။


| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်း မြေသားလမ်းမှ ကွန်ကရစ်လမ်း အဖြစ် မြှင့်တင်ခြင်း | ၁ | ရွာတွင်း မြေသားလမ်းမှ ကွန်ကရစ်လမ်း အဖြစ် မြှင့်တင်ခြင်း |
| ၂ | မြေသားမှ ကွန်ကရစ်သို့ မြှင့်တင်ခြင်း (ဒေါ်ဘောဂါ လမ်း) | ၂ | မြေသားလမ်းမှ ကွန်ကရစ်သို့ မြှင့်တင်ခြင်း (ဒေါ်ဘောဂါ လမ်း) |
| ၃ | ကျန်းမာရေး အတွက် ဆေးပေးခန်း ရှိလာမည် | ၃ | ကျန်းမာရေး အတွက် ဆေးပေးခန်း ရှိလာမည် |
| ၄ | ခေတ်မီသော စိုက်ပျိုးရေး နည်းပညာ ရှိလာမည် | ၄ | ခေတ်မီသော စိုက်ပျိုးရေး နည်းပညာ ရှိလာမည် |
| ၅ | ကလေးကစားကွင်း တစ်ခု ရှိလာမည် | ၅ | ကလေးကစားကွင်း တစ်ခု ရှိလာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မြေသား လမ်းမှ ကွန်ကရစ်လမ်းသို့ မြှင့်တင်ခြင်း (ဦးဇော်ဝင်း) လမ်း | အမျိုးသား + အမျိုးသမီး | 15200000/- | ၁၀၅၄ |
| ၂ | မြေသားမှ ကွန်ကရစ် (ဒေါ်ဘောဂါ) လမ်း | အမျိုးသား + အမျိုးသမီး | 9000000/- | ၁၀၅၄ |
| ၃. | ဆေးပေးခန်း ရှိလာမည် | အမျိုးသား + အမျိုးသမီး | 7200000/- | ၁၀၅၄ |
| ၄ | ခေတ်မီသော စိုက်ပျိုးရေး နည်းပညာ ပေးရန် | " | - | |
| ၅ | ကလေးကစားကွင်း တစ်ခု ရှိလာမည် | " | 27000000/- | ၁၀၅၄ |



## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)




ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီမံကိန်းမှ လက်မှတ်ရေးထိုး၍ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ... စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) | | | | | |
| | [illegible] မြို့နယ် [illegible] | | | ကျေးရွာအုပ်စု [illegible] | | | | | |
| | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ပေါင်းပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| [illegible] | [illegible] | ၆၀၀' x ၁၀' x ၆" | | □ ကျား □ မ □ ကျား+ မ | ၇၃၅၀,၀၀၀/- | | | | ၇၃,၅၀,၀၀၀/- |
| [illegible] | [illegible] | ၃၀၀' x ၁၀' x ၆" | | □ ကျား □ မ □ ကျား+ မ | ၃၆၇၀,၀၀၀/- | | | | ၃၆၇၀,၀၀၀/- |
| [illegible] | [illegible] | ၈၅၀' x ၁၀' x ၆" | | □ ကျား □ မ □ ကျား+ မ | ၁၀၄၅၀,၀၀၀/- | | | | ၁၀၄၅၀,၀၀၀/- |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

စီ/ဆောက်ကော်မတီ ဥက္ကဌ အမည် [illegible] လက်မှတ် [illegible] ရက်စွဲ ၃၀ . ၃ . ၁၇

## ၁၃။ အစည်းအဝေးမှတ်တမ်းများ



## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ရန် မြေသားလမ်းအနည်းငယ်ကျန်ရှိနေသေးခြင်း။ |
| ၂ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ခက်ခဲခြင်း။ |
| ၃ | ကျား/မ | စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်းကြောင့် အသီးအနှံထွက်နှုန်းလျော့နည်းကာ ဝင်ငွေရရှိမှုနည်းပါးခြင်း။ |
| ၄ | ကျား/မ | အစည်းအဝေးခန်းမ မရှိသဖြင့် ကျေးရွာလူထုနှင့်သက်ဆိုင်သည့်အစည်းအဝေးများ ပြုလုပ်ရန်နေရာခက်ခဲခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ရွာအတွင်းလမ်းများအားလုံးကောင်းမွန်ရမည်။ |
| ၂ | ကျား/မ | အခြေခံကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ကျေးလက်ဆေးပေးခန်းတစ်ခုရှိပြီးဖြစ်ရမည်။ |
| ၃ | ကျား/မ | စိုက်ပျိုးရေးနည်းပညာအသစ်များဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်ရမည်။ |
| ၄ | ကျား/မ | အစည်းအဝေးခန်းမတစ်ခုရှိပြီးဖြစ်ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ | ၁ | မှို၊ ပဲ၊ ပန်း၊ စိုက်ပျိုးရေးသင်တန်း | ကျား | | |
| | ၂ | နွား၊ ဆိတ်၊ ကြက်၊ ငါးမွေးမြူရေးသင်တန်း | ကျား | | |
| | ၃ | ကွန်ပျူတာ၊ စာရင်းကိုင်၊ စက်ပြင်သင်တန်း | ကျား/မ | | |
| | ၄ | ဆိုင်ကယ်၊ ကား၊ လျှပ်စစ်သင်တန်း | ကျား | | |
| | ၅ | စက်ချုပ်၊ ဒီဇိုင်နာ၊ အလှပြင်သင်တန်း | မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။